# ရုပ်ရှင်ရုံများ ဗွီဒီယိုပြခွင့်ပြုရန် လျှောက်သော်လည်း ခွင့်မပြု

NEJ / ၂၀ အောက်တိုဘာ ၂၀၀၆ / ၁၈း၂၀

မြန်မာတနိုင်ငံလုံးရှိ ရုပ်ရှင်ရုံ (၂၀၈) ရုံ အနက် ရုံ (၂၀၀) က ဗွီဒီယိုဇာတ်ကားများကို ပရိုဂျက်တာဖြင့် ပြသခွင့်ပြုရန် လျှောက်ထားသော်လည်း ခွင့်ပြုချက်မရဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အရာထမ်းတဦးကပြောသည်။



ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံတရုံ

ရုပ်ရှင်ရုံ (၉၆) ရာခိုင်နှုန်းက ထိုသို့လျှောက်လာသည့် အဓိကအကြောင်းမှာ မြန်မာရုပ်ရှင်များ မှန်မှန်မထွက်နိုင်ဘဲ နာမည်ကြီး လူကြိုက်များသည့် အနောက်တိုင်းဇာတ်ကားများကိုလည်း ရန်ကုန်နှင့် မန္တလေးရှိ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ အုပ်စုနည်းတူ တင်ခွင့်မရသောကြောင့်ဖြစ်သည်ဟု ထိုအရာထမ်းက ရှင်းပြသည်။

“ရုံတွေက အမြတ်မင်းလူမဝင်ဘူးဖြစ်နေတော့ စီးပွားရေးအရ တွက်ခြေမကိုက်ဘူး။ ဒါကြောင့် စီးပွားရေးအရတွက်ခြေကိုက်မယ့် ဗွီဒီယိုပြသရေးဘက်ကို ပြောင်းချင်ကြတာ။ ဒါပေမယ့် ရုံးချုပ်က ခွင့်မပြုပါဘူး။ ခွင့်ပြုလိုက်ရင် မြန်မာရုပ်ရှင်အခြေအနေ ကျဆင်းနေတာမှာ ဒီထက်ပိုဆိုးသွားလိမ့်မယ်” ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့လယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ ရုပ်ရှင်ရုံတရုံမှ ရုံပိုင်ရှင်တဦးက “လောလောဆယ် ကြိုးကြားကြိုးကြားထွက်နေတဲ့ မြန်မာရုပ်ရှင်ဇာတ်ကား နည်းနည်းရယ်၊ ဈေးပေါပေါနဲ့ရတဲ့ ကုလားကားတွေရယ် ဒါတွေနဲ့ပြနေရတယ်။ ရုံတင်တဲ့ဇာတ်ကားတွေ မကောင်းသလို လူဝင်နည်းတယ်” ဟု ပြောသည်။

ရုပ်ရှင်ကားငှားရမ်းခ၊ ပြသခွန်၊ ဝန်ထမ်းလစာအပါအဝင် အထွေထွေစရိတ်များဖြင့်တွက်လျှင် ရှုံးသည့်လများရှိနေသောကြောင့် အမြတ်များများရနိုင်သည့် ဗွီဒီယိုပြသခွင့်ကို လျှောက်ရခြင်းဖြစ်သည်ဟု ၎င်းကရှင်းပြသည်။

တနှစ်လုံးမှ ဇာတ်ကားအနည်းငယ်သာ ရိုက်ကူးထုတ်လုပ်နိုင်သည့် အရည်အသွေးကျနေပြီး ပရိသတ်မကြိုက်သော မြန်မာရုပ်ရှင်များကို အားမကိုးနိုင်သောကြောင့် ရုပ်ရှင်ရုံများက ဗွီဒီယိုရုံအဖြစ်ပြောင်းရန် လျှောက်ထားကြခြင်းဖြစ်သည်ဟု ထိုရုပ်ရှင်ရုံပိုင်ရှင်ကပြောသည်။

“မြန်မာပြည်သူတွေ စီးပွားရေးကောင်းလာမှ၊ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းမှာ လွတ်လပ်မှုရှိလာပါမှ၊ ရုပ်ရှင်ရုံလုပ်ငန်းတွေ ပုဂ္ဂလိကပုံစံ ပီပီပြင်ပြင်လုပ်ကိုင်လာနိုင်ပါမှ ပြန်ပြီးနာလန်ထူလာမှာပါ” ဟု ၎င်းကပြောသည်။ ■